| ၄၁၃၀၉။ | ၉၇၁၀၆၅ | တပ်ကြပ် | လှဝင်းစိုး |
| ၄၁၃၁၀။ | ၉၇၁၁၃၁ | တပ်ကြပ် | ကျော်စွာလင်း |
| ၄၁၃၁၁။ | ၉၇၁၁၆၈ | တပ်ကြပ် | ဒန်းဗဟာဒူး |
| ၄၁၃၁၂။ | ၉၇၁၂၀၃ | တပ်ကြပ် | ဘိုကျော် |
| ၄၁၃၁၃။ | ၉၇၁၂၄၆ | တပ်ကြပ် | ကျော်စိုးမိုး |
| ၄၁၃၁၄။ | ၉၇၁၂၅၀ | တပ်ကြပ် | ဟန်စိုး |
| ၄၁၃၁၅။ | ၉၇၁၂၅၃ | တပ်ကြပ် | သန်းဆွေ |
| ၄၁၃၁၆။ | ၉၇၁၂၅၆ | တပ်ကြပ် | အောင်သိန်းမင်း |
| ၄၁၃၁၇။ | ၉၇၁၂၆၇ | တပ်ကြပ် | တင်မျိုးဇော် |
| ၄၁၃၁၈။ | ၉၇၁၂၆၉ | တပ်ကြပ် | သန်းဇော်လင်း |
| ၄၁၃၁၉။ | ၉၇၁၂၇၃ | တပ်ကြပ် | ဇော်မျိုး |
| ၄၁၃၂၀။ | ၉၇၁၂၇၄ | တပ်ကြပ် | မောင်ဝင်း |
| ၄၁၃၂၁။ | ၉၇၁၂၈၅ | တပ်ကြပ် | နိုင်ဦး |
| ၄၁၃၂၂။ | ၉၇၁၂၈၉ | တပ်ကြပ် | စိုးနိုင် |
| ၄၁၃၂၃။ | ၉၇၁၂၉၂ | တပ်ကြပ် | သန်းဝင်းအောင် |
| ၄၁၃၂၄။ | ၉၇၁၂၉၅ | တပ်ကြပ် | သန်းထိုက် |
| ၄၁၃၂၅။ | ၉၇၁၂၉၆ | တပ်ကြပ် | တင်မောင်ဝင်း |
| ၄၁၃၂၆။ | ၉၇၁၂၉၈ | တပ်ကြပ် | ကျော်ဆန်းလွင် |
| ၄၁၃၂၇။ | ၉၇၁၃၀၇ | တပ်ကြပ် | သန်းဇော်ဦး |
| ၄၁၃၂၈။ | ၉၇၁၃၂၉ | တပ်ကြပ် | အောင်ဇော်ဝင်း |
| ၄၁၃၂၉။ | ၉၇၁၃၅၆ | တပ်ကြပ် | မောင်ဌေး |
| ၄၁၃၃၀။ | ၉၇၁၃၇၃ | တပ်ကြပ် | စံလင်း |
| ၄၁၃၃၁။ | ၉၇၁၄၂၂ | တပ်ကြပ် | ဇော်ဝင်း |
| ၄၁၃၃၂။ | ၉၇၁၄၂၃ | တပ်ကြပ် | ကျော်စိုး |
| ၄၁၃၃၃။ | ၉၇၁၄၂၆ | တပ်ကြပ် | ဝင်းနိုင် |
| ၄၁၃၃၄။ | ၉၇၁၄၃၁ | တပ်ကြပ် | ငြိမ်းချမ်း |
| ၄၁၃၃၅။ | ၉၇၁၄၃၄ | တပ်ကြပ် | အောင်မင်းထွန်း |
| ၄၁၃၃၆။ | ၉၇၁၄၆၀ | တပ်ကြပ် | အောင်လေး |
| ၄၁၃၃၇။ | ၉၇၁၄၆၅ | တပ်ကြပ် | ရဲဝင်းထွဋ် |
| ၄၁၃၃၈။ | ၉၇၁၄၈၄ | တပ်ကြပ် | သောင်းညွန့် |
| ၄၁၃၃၉။ | ၉၇၁၄၈၆ | တပ်ကြပ် | ကျော်သူရ |
| ၄၁၃၄၀။ | ၉၇၁၄၈၈ | တပ်ကြပ် | ကျော်ကျော်သန့် |
| ၄၁၃၄၁။ | ၉၇၁၄၉၆ | တပ်ကြပ် | ထွန်းရွှေ |
| ၄၁၃၄၂။ | ၉၇၁၄၉၈ | တပ်ကြပ် | သန်းဇော်မိုး |
| ၄၁၃၄၃။ | ၉၇၁၄၉၉ | တပ်ကြပ် | ဇော်ဇော် |
| ၄၁၃၄၄။ | ၉၇၁၅၀၃ | တပ်ကြပ် | သန်းလွင် |
| ၄၁၃၄၅။ | ၉၇၁၅၀၄ | တပ်ကြပ် | မောင်သင်း |
| ၄၁၃၄၆။ | ၉၇၁၅၀၅ | တပ်ကြပ် | တင်အောင်မိုး |
| ၄၁၃၄၇။ | ၉၇၁၅၁၉ | တပ်ကြပ် | ညီမြင်း |
| ၄၁၃၄၈။ | ၉၇၁၅၂၁ | တပ်ကြပ် | စိုးခိုင် |
| ၄၁၃၄၉။ | ၉၇၁၅၂၆ | တပ်ကြပ် | မောင်မောင်စိုး |
| ၄၁၃၅၀။ | ၉၇၁၅၄၂ | တပ်ကြပ် | လှမျိုးနိုင် |
| ၄၁၃၅၁။ | ၉၇၁၅၄၄ | တပ်ကြပ် | ဇော်လွင်ဦး |
| ၄၁၃၅၂။ | ၉၇၁၅၅၀ | တပ်ကြပ် | မြင့်အေး |
| ၄၁၃၅၃။ | ၉၇၁၆၀၅ | တပ်ကြပ် | ကျော်သောင်း |
| ၄၁၃၅၄။ | ၉၇၁၇၄၈ | တပ်ကြပ် | ဌေးကြွယ် |
| ၄၁၃၅၅။ | ၉၇၁၇၆၀ | တပ်ကြပ် | ဇော်မိုးထွန်း |
| ၄၁၃၅၆။ | ၉၇၁၇၉၅ | တပ်ကြပ် | လှဝင်းနိုင် |
| ၄၁၃၅၇။ | ၉၇၁၈၂၂ | တပ်ကြပ် | စိုးမြင့် |
| ၄၁၃၅၈။ | ၉၇၁၈၃၃ | တပ်ကြပ် | ဝင်းသန်းစိုး |
| ၄၁၃၅၉။ | ၉၇၁၈၆၄ | တပ်ကြပ် | မျိုးသူရ |
| ၄၁၃၆၀။ | ၉၇၁၉၁၄ | တပ်ကြပ် | ငြိမ်းချမ်း |
| ၄၁၃၆၁။ | ၉၇၁၉၃၁ | တပ်ကြပ် | ဌေးလှိုင် |
| ၄၁၃၆၂။ | ၉၇၁၉၆၇ | တပ်ကြပ် | အောင်တင့် |
| ၄၁၃၆၃။ | ၉၇၁၉၇၀ | တပ်ကြပ် | အုပ်ဝင်း |
| ၄၁၃၆၄။ | ၉၇၁၉၈၀ | တပ်ကြပ် | ခင်မောင်ဝင်း |
| ၄၁၃၆၅။ | ၉၇၂၀၃၇ | တပ်ကြပ် | ထွန်းထွန်းလင်း |
| ၄၁၃၆၆။ | ၉၇၂၁၀၅ | တပ်ကြပ် | အောင်နိုင်ဦး |
| ၄၁၃၆၇။ | ၉၇၂၁၃၀ | တပ်ကြပ် | မောင်မောင်သိန်း |
| ၄၁၃၆၈။ | ၉၇၂၁၉၅ | တပ်ကြပ် | ညီဝင်းအောင် |

| | | | |
|---|---|---|---|
| ၄၁၃၆၉။ | ၉၇၂၃၀၅ | တပ်ကြပ် | ရွှေဘ |
| ၄၁၃၇၀။ | ၉၇၂၃၃၈ | တပ်ကြပ် | ကြည်လှိုင် |
| ၄၁၃၇၁။ | ၉၇၂၃၇၃ | တပ်ကြပ် | ရွှေကျော် |
| ၄၁၃၇၂။ | ၉၇၂၃၇၆ | တပ်ကြပ် | အေးထွန်း |
| ၄၁၃၇၃။ | ၉၇၂၃၇၇ | တပ်ကြပ် | ကျော်လှိုင် |
| ၄၁၃၇၄။ | ၉၇၂၃၇၉ | တပ်ကြပ် | စိုးထွန်းအောင် |
| ၄၁၃၇၅။ | ၉၇၂၃၉၉ | တပ်ကြပ် | သန်းကျော်လင်း |
| ၄၁၃၇၆။ | ၉၇၂၄၅၅ | တပ်ကြပ် | စိုးသိန်း |
| ၄၁၃၇၇။ | ၉၇၂၄၅၈ | တပ်ကြပ် | ဟန်တင် |
| ၄၁၃၇၈။ | ၉၇၂၅၁၉ | တပ်ကြပ် | သန်းဇော်ဦး |
| ၄၁၃၇၉။ | ၉၇၂၆၀၂ | တပ်ကြပ် | စိုးခင်သောင်း |
| ၄၁၃၈၀။ | ၉၇၂၆၀၈ | တပ်ကြပ် | ဝင်းထွန်း |
| ၄၁၃၈၁။ | ၉၇၂၆၅၇ | တပ်ကြပ် | လှရင် |
| ၄၁၃၈၂။ | ၉၇၂၇၆၄ | တပ်ကြပ် | လှမင်းအောင် |
| ၄၁၃၈၃။ | ၉၇၂၇၇၈ | တပ်ကြပ် | မျိုးမြင့် |
| ၄၁၃၈၄။ | ၉၇၂၇၉၀ | တပ်ကြပ် | လှိုင်ငြိမ်း |
| ၄၁၃၈၅။ | ၉၇၂၇၉၁ | တပ်ကြပ် | ဖိုးသင်္ကြန် |
| ၄၁၃၈၆။ | ၉၇၂၈၀၃ | တပ်ကြပ် | အောင်စိုးနိုင် |
| ၄၁၃၈၇။ | ၉၇၂၈၁၆ | တပ်ကြပ် | ကျော်စိုး |
| ၄၁၃၈၈။ | ၉၇၂၈၆၇ | တပ်ကြပ် | ခင်စိုး |
| ၄၁၃၈၉။ | ၉၇၂၈၈၂ | တပ်ကြပ် | စိုးဝင်း |
| ၄၁၃၉၀။ | ၉၇၂၈၈၆ | တပ်ကြပ် | စန်းလွင် |
| ၄၁၃၉၁။ | ၉၇၂၉၀၃ | တပ်ကြပ် | ညိုဝင်း |
| ၄၁၃၉၂။ | ၉၇၂၉၀၇ | တပ်ကြပ် | မိုးဆွေ |
| ၄၁၃၉၃။ | ၉၇၂၉၉၀ | တပ်ကြပ် | ပြုံးချို |
| ၄၁၃၉၄။ | ၉၇၃၀၁၀ | တပ်ကြပ် | ခင်ရွှေ |
| ၄၁၃၉၅။ | ၉၇၃၀၂၀ | တပ်ကြပ် | မြင့်နိုင် |
| ၄၁၃၉၆။ | ၉၇၃၀၃၂ | တပ်ကြပ် | သန်းနိုင် |
| ၄၁၃၉၇။ | ၉၇၃၀၅၆ | တပ်ကြပ် | သန်းထွန်း |
| ၄၁၃၉၈။ | ၉၇၃၀၆၃ | တပ်ကြပ် | ကျော်မိုးလတ် |
| ၄၁၃၉၉။ | ၉၇၃၀၆၅ | တပ်ကြပ် | ဖိုးထောင် |
| ၄၁၄၀၀။ | ၉၇၃၁၂၃ | တပ်ကြပ် | သန်းဆွေ |
| ၄၁၄၀၁။ | ၉၇၃၁၂၄ | တပ်ကြပ် | အေးမောင် |
| ၄၁၄၀၂။ | ၉၇၃၃၁၁ | တပ်ကြပ် | ကျော်နိုင် |
| ၄၁၄၀၃။ | ၉၇၃၃၂၀ | တပ်ကြပ် | သိန်းနိုင် |
| ၄၁၄၀၄။ | ၉၇၃၄၁၁ | တပ်ကြပ် | ကောင်းမြတ် |
| ၄၁၄၀၅။ | ၉၇၃၄၅၈ | တပ်ကြပ် | ရှားလမူး |
| ၄၁၄၀၆။ | ၉၇၃၄၆၂ | တပ်ကြပ် | သန့်ဇော် |
| ၄၁၄၀၇။ | ၉၇၃၄၈၆ | တပ်ကြပ် | အောင်ကျော်မိုး |
| ၄၁၄၀၈။ | ၉၇၃၅၀၁ | တပ်ကြပ် | နေလင်းအောင် |
| ၄၁၄၀၉။ | ၉၇၃၅၂၉ | တပ်ကြပ် | နေလင်း |
| ၄၁၄၁၀။ | ၉၇၃၅၈၃ | တပ်ကြပ် | ထွန်းထွန်းနိုင် |
| ၄၁၄၁၁။ | ၉၇၃၅၈၈ | တပ်ကြပ် | ထွန်းစိုး |
| ၄၁၄၁၂။ | ၉၇၃၅၉၅ | တပ်ကြပ် | ဖိုးလဝင်း |
| ၄၁၄၁၃။ | ၉၇၃၅၉၆ | တပ်ကြပ် | သိန်းလင်းထွန်း |
| ၄၁၄၁၄။ | ၉၇၃၆၀၆ | တပ်ကြပ် | ဆန်းအောင် |
| ၄၁၄၁၅။ | ၉၇၃၆၃၁ | တပ်ကြပ် | မြင့်စိုး |
| ၄၁၄၁၆။ | ၉၇၃၇၆၃ | တပ်ကြပ် | ရွှေထူး |
| ၄၁၄၁၇။ | ၉၇၃၇၈၅ | တပ်ကြပ် | သန်းထွေး |
| ၄၁၄၁၈။ | ၉၇၃၇၉၂ | တပ်ကြပ် | ခွီးရှိန်းလိန်း |
| ၄၁၄၁၉။ | ၉၇၃၈၈၁ | တပ်ကြပ် | မိုးကျော်သူ |
| ၄၁၄၂၀။ | ၉၇၃၈၈၄ | တပ်ကြပ် | ဝင်းနိုင် |
| ၄၁၄၂၁။ | ၉၇၃၈၉၀ | တပ်ကြပ် | သောင်းထွန်း |
| ၄၁၄၂၂။ | ၉၇၃၈၉၄ | တပ်ကြပ် | ခင်မောင်ထွေး |
| ၄၁၄၂၃။ | ၉၇၃၈၉၇ | တပ်ကြပ် | စိုးဝင်း |
| ၄၁၄၂၄။ | ၉၇၃၉၀၂ | တပ်ကြပ် | သက်လွင် |
| ၄၁၄၂၅။ | ၉၇၃၉၀၈ | တပ်ကြပ် | ဇာနည်ထွန်း |
| ၄၁၄၂၆။ | ၉၇၃၉၁၄ | တပ်ကြပ် | အောင်ခိုင် |
| ၄၁၄၂၇။ | ၉၇၃၉၁၅ | တပ်ကြပ် | ခိုင်ကြည်ဝင်း |
| ၄၁၄၂၈။ | ၉၇၃၉၁၇ | တပ်ကြပ် | အောင်ကိုကို |
| ၄၁၄၂၉။ | ၉၇၃၉၂၀ | တပ်ကြပ် | အောင်စိုးမိုး |
| ၄၁၄၃၀။ | ၉၇၃၉၂၁ | တပ်ကြပ် | စိန်နိုင် |
| ၄၁၄၃၁။ | ၉၇၃၉၂၂ | တပ်ကြပ် | မောင်ငယ် |
| ၄၁၄၃၂။ | ၉၇၃၉၂၃ | တပ်ကြပ် | အောင်ဇော်မင်း |
| ၄၁၄၃၃။ | ၉၇၃၉၂၆ | တပ်ကြပ် | အောင်စိုးလတ် |
| ၄၁၄၃၄။ | ၉၇၃၉၂၈ | တပ်ကြပ် | တင်ထွန်း |
| ၄၁၄၃၅။ | ၉၇၃၉၃၀ | တပ်ကြပ် | ကျော်ဇင်ဦး |
| ၄၁၄၃၆။ | ၉၇၃၉၃၂ | တပ်ကြပ် | မြင့်အောင် |
| ၄၁၄၃၇။ | ၉၇၃၉၃၆ | တပ်ကြပ် | လေးနိုင်ဦး |
| ၄၁၄၃၈။ | ၉၇၃၉၄၈ | တပ်ကြပ် | ထွန်းထွန်းဝင်း |
| ၄၁၄၃၉။ | ၉၇၃၉၅၁ | တပ်ကြပ် | ခွန်ကျော်ဦး |
| ၄၁၄၄၀။ | ၉၇၃၉၅၂ | တပ်ကြပ် | ဆန်းဦး |
| ၄၁၄၄၁။ | ၉၇၃၉၆၁ | တပ်ကြပ် | မိုးသော်ဦး |
| ၄၁၄၄၂။ | ၉၇၃၉၈၉ | တပ်ကြပ် | စိုးလင်း |
| ၄၁၄၄၃။ | ၉၇၃၉၉၄ | တပ်ကြပ် | အောင်သန်း |
| ၄၁၄၄၄။ | ၉၇၄၀၀၃ | တပ်ကြပ် | ဇော်ဦး |
| ၄၁၄၄၅။ | ၉၇၄၀၂၃ | တပ်ကြပ် | ခင်မောင်ရွှေ |
| ၄၁၄၄၆။ | ၉၇၄၀၄၁ | တပ်ကြပ် | ထွန်းဝင်းခိုင် |
| ၄၁၄၄၇။ | ၉၇၄၁၀၀ | တပ်ကြပ် | သန်းဇော်ဝင်း |
| ၄၁၄၄၈။ | ၉၇၄၁၇၁ | တပ်ကြပ် | ငွေမိုး |
| ၄၁၄၄၉။ | ၉၇၄၁၈၅ | တပ်ကြပ် | မောင်မောင်သွင် |
| ၄၁၄၅၀။ | ၉၇၄၂၂၉ | တပ်ကြပ် | အေးလွင် |
| ၄၁၄၅၁။ | ၉၇၄၂၄၂ | တပ်ကြပ် | အောင်အောင် |
| ၄၁၄၅၂။ | ၉၇၄၂၆၁ | တပ်ကြပ် | အေးဇော် |
| ၄၁၄၅၃။ | ၉၇၄၂၇၀ | တပ်ကြပ် | မျိုးအောင် |
| ၄၁၄၅၄။ | ၉၇၄၃၃၇ | တပ်ကြပ် | ဇော်မင်း |
| ၄၁၄၅၅။ | ၉၇၄၃၄၈ | တပ်ကြပ် | ခင်မောင်ရီ |
| ၄၁၄၅၆။ | ၉၇၄၄၇၄ | တပ်ကြပ် | သောင်းဝင်း |
| ၄၁၄၅၇။ | ၉၇၄၄၇၅ | တပ်ကြပ် | ဦးခင်မောင် |
| ၄၁၄၅၈။ | ၉၇၄၄၇၉ | တပ်ကြပ် | မြင့်ထွန်း |
| ၄၁၄၅၉။ | ၉၇၄၄၈၆ | တပ်ကြပ် | သိန်းမောင်ချေ |
| ၄၁၄၆၀။ | ၉၇၄၄၉၇ | တပ်ကြပ် | စောညွန့် |
| ၄၁၄၆၁။ | ၉၇၄၅၂၁ | တပ်ကြပ် | သန်းဦး |
| ၄၁၄၆၂။ | ၉၇၄၅၄၉ | တပ်ကြပ် | ထိန်လင်း |
| ၄၁၄၆၃။ | ၉၇၄၅၅၁ | တပ်ကြပ် | နေစိုး |
| ၄၁၄၆၄။ | ၉၇၄၅၆၉ | တပ်ကြပ် | လှစိန် |
| ၄၁၄၆၅။ | ၉၇၄၆၇၅ | တပ်ကြပ် | အောင်ပြည့်ဖြိုး |
| ၄၁၄၆၆။ | ၉၇၄၆၇၆ | တပ်ကြပ် | ရန်နိုင်မျိုး |
| ၄၁၄၆၇။ | ၉၇၄၆၉၁ | တပ်ကြပ် | ကျော်သူရအောင် |
| ၄၁၄၆၈။ | ၉၇၄၇၂၂ | တပ်ကြပ် | ဇင်ကိုဝင်း |
| ၄၁၄၆၉။ | ၉၇၄၇၂၃ | တပ်ကြပ် | ကျော်မင်း |
| ၄၁၄၇၀။ | ၉၇၄၈၂၃ | တပ်ကြပ် | စန်းယုနိုင် |
| ၄၁၄၇၁။ | ၉၇၄၈၃၆ | တပ်ကြပ် | ဝင်းခိုင် |
| ၄၁၄၇၂။ | ၉၇၄၈၈၃ | တပ်ကြပ် | တင်ဝင်းကို |
| ၄၁၄၇၃။ | ၉၇၄၈၉၈ | တပ်ကြပ် | ရဲလွင်ထွန်း |
| ၄၁၄၇၄။ | ၉၇၄၉၇၉ | တပ်ကြပ် | ထွန်းထွန်းနိုင် |
| ၄၁၄၇၅။ | ၉၇၅၀၀၈ | တပ်ကြပ် | ကျော်မိုး |
| ၄၁၄၇၆။ | ၉၇၅၀၂၃ | တပ်ကြပ် | ဝင်းကြည် |
| ၄၁၄၇၇။ | ၉၇၅၀၃၂ | တပ်ကြပ် | တိုင်းချစ် |
| ၄၁၄၇၈။ | ၉၇၅၁၀၆ | တပ်ကြပ် | သန်းဇော် |
| ၄၁၄၇၉။ | ၉၇၅၂၂၆ | တပ်ကြပ် | ဇော်မင်းအောင် |
| ၄၁၄၈၀။ | ၉၇၅၂၈၂ | တပ်ကြပ် | အောင်ထွန်း |

| | | | |
|---|---|---|---|
| ၄၁၄၈၁။ | ၉၇၅၃၂၇ | တပ်ကြပ် | ဖိုးကြည် |
| ၄၁၄၈၂။ | ၉၇၅၄၀၉ | တပ်ကြပ် | မင်းကျော် |
| ၄၁၄၈၃။ | ၉၇၅၄၅၄ | တပ်ကြပ် | အောင်သန်း |
| ၄၁၄၈၄။ | ၉၇၅၄၈၆ | တပ်ကြပ် | အောင်ကြည် |
| ၄၁၄၈၅။ | ၉၇၅၅၅၆ | တပ်ကြပ် | လုံးဆိုင် |
| ၄၁၄၈၆။ | ၉၇၅၆၁၄ | တပ်ကြပ် | ဝင်းတင့် |
| ၄၁၄၈၇။ | ၉၇၅၆၁၈ | တပ်ကြပ် | စည်သူဝင်းနောင် |
| ၄၁၄၈၈။ | ၉၇၅၆၂၀ | တပ်ကြပ် | ချိုကြီး |
| ၄၁၄၈၉။ | ၉၇၅၆၂၅ | တပ်ကြပ် | အောင်သူထွေး |
| ၄၁၄၉၀။ | ၉၇၅၆၃၅ | တပ်ကြပ် | ဇော်ဝင်းထွန်း |
| ၄၁၄၉၁။ | ၉၇၅၆၄၃ | တပ်ကြပ် | ဆန်းဦး |
| ၄၁၄၉၂။ | ၉၇၅၆၇၂ | တပ်ကြပ် | အောင်မျိုးထွန်း |
| ၄၁၄၉၃။ | ၉၇၅၇၅၉ | တပ်ကြပ် | အောင်စိုးမိုး |
| ၄၁၄၉၄။ | ၉၇၅၇၆၂ | တပ်ကြပ် | ဘိုဘိုလွင် |
| ၄၁၄၉၅။ | ၉၇၅၇၈၇ | တပ်ကြပ် | သိန်းဝင်း |
| ၄၁၄၉၆။ | ၉၇၅၈၃၁ | တပ်ကြပ် | သန်းဇော်လွင် |
| ၄၁၄၉၇။ | ၉၇၅၈၄၁ | တပ်ကြပ် | စောသာဂေး |
| ၄၁၄၉၈။ | ၉၇၅၈၅၅ | တပ်ကြပ် | တင့်အောင် |
| ၄၁၄၉၉။ | ၉၇၅၈၈၅ | တပ်ကြပ် | မျိုးသက် |
| ၄၁၅၀၀။ | ၉၇၅၉၀၈ | တပ်ကြပ် | ညွန့်မင်း |
| ၄၁၅၀၁။ | ၉၇၅၉၄၈ | တပ်ကြပ် | ကျော်စိန်ခန့် |
| ၄၁၅၀၂။ | ၉၇၅၉၆၀ | တပ်ကြပ် | တင်မောင်ထွေး |
| ၄၁၅၀၃။ | ၉၇၅၉၆၉ | တပ်ကြပ် | ထွန်းထွန်းဝင်း |
| ၄၁၅၀၄။ | ၉၇၅၉၇၆ | တပ်ကြပ် | မျိုးသန့် |
| ၄၁၅၀၅။ | ၉၇၅၉၈၇ | တပ်ကြပ် | အောင်သူမိုး |
| ၄၁၅၀၆။ | ၉၇၅၉၉၅ | တပ်ကြပ် | ဝင်းသန်း |
| ၄၁၅၀၇။ | ၉၇၆၀၀၃ | တပ်ကြပ် | ဆန်းလှိုင် |
| ၄၁၅၀၈။ | ၉၇၆၀၁၅ | တပ်ကြပ် | နေလင်းထွန်း |
| ၄၁၅၀၉။ | ၉၇၆၀၁၆ | တပ်ကြပ် | မင်းအောင် |
| ၄၁၅၁၀။ | ၉၇၆၀၂၄ | တပ်ကြပ် | အောင်မိုး |
| ၄၁၅၁၁။ | ၉၇၆၀၄၆ | တပ်ကြပ် | ငွေသန်း |
| ၄၁၅၁၂။ | ၉၇၆၀၆၈ | တပ်ကြပ် | ဝင်းမောင် |
| ၄၁၅၁၃။ | ၉၇၆၂၀၃ | တပ်ကြပ် | ဝဥာမိုး |
| ၄၁၅၁၄။ | ၉၇၆၂၂၃ | တပ်ကြပ် | လှတင် |
| ၄၁၅၁၅။ | ၉၇၆၂၂၄ | တပ်ကြပ် | လှမောင် |
| ၄၁၅၁၆။ | ၉၇၆၂၃၆ | တပ်ကြပ် | ကျော်စိုးမိုး |
| ၄၁၅၁၇။ | ၉၇၆၂၅၄ | တပ်ကြပ် | မြင့်ရှိန် |
| ၄၁၅၁၈။ | ၉၇၆၂၅၅ | တပ်ကြပ် | အောင်ဇော်လတ် |
| ၄၁၅၁၉။ | ၉၇၆၃၀၁ | တပ်ကြပ် | ကျော်ဦး |
| ၄၁၅၂၀။ | ၉၇၆၃၈၇ | တပ်ကြပ် | ရန်နိုင်ဦး |
| ၄၁၅၂၁။ | ၉၇၆၄၆၃ | တပ်ကြပ် | ထင်ကျော် |
| ၄၁၅၂၂။ | ၉၇၆၅၁၁ | တပ်ကြပ် | ကျော်ထွေး |
| ၄၁၅၂၃။ | ၉၇၆၅၁၉ | တပ်ကြပ် | စိုးမင်း |
| ၄၁၅၂၄။ | ၉၇၆၅၂၃ | တပ်ကြပ် | စောမြင့် |
| ၄၁၅၂၅။ | ၉၇၆၅၄၀ | တပ်ကြပ် | ဝင်းကျော် |
| ၄၁၅၂၆။ | ၉၇၆၅၄၈ | တပ်ကြပ် | မောင်တိုး |
| ၄၁၅၂၇။ | ၉၇၆၆၂၁ | တပ်ကြပ် | အောင်ဇော်မြင့် |
| ၄၁၅၂၈။ | ၉၇၆၆၂၂ | တပ်ကြပ် | ကျော်ထွန်းဦး |
| ၄၁၅၂၉။ | ၉၇၆၆၂၆ | တပ်ကြပ် | သန်းစိုး |
| ၄၁၅၃၀။ | ၉၇၆၆၃၉ | တပ်ကြပ် | ရဲကျော်သူ |
| ၄၁၅၃၁။ | ၉၇၆၈၃၃ | တပ်ကြပ် | မြင့်မြတ် |
| ၄၁၅၃၂။ | ၉၇၆၈၆၁ | တပ်ကြပ် | ဝင်းလှ |
| ၄၁၅၃၃။ | ၉၇၆၉၅၃ | တပ်ကြပ် | ရန်မျိုးနိုင် |
| ၄၁၅၃၄။ | ၉၇၆၉၆၁ | တပ်ကြပ် | မျိုးဝင်း |
| ၄၁၅၃၅။ | ၉၇၆၉၇၇ | တပ်ကြပ် | ဝင်းကို |
| ၄၁၅၃၆။ | ၉၇၆၉၈၂ | တပ်ကြပ် | အောင်ဇင်လင်း |
| ၄၁၅၃၇။ | ၉၇၇၀၆၇ | တပ်ကြပ် | မင်းနိုင်ဦး |
| ၄၁၅၃၈။ | ၉၇၇၀၇၂ | တပ်ကြပ် | မျိုးမြင့် |
| ၄၁၅၃၉။ | ၉၇၇၀၈၆ | တပ်ကြပ် | ရွှေဝင်း |
| ၄၁၅၄၀။ | ၉၇၇၀၉၆ | တပ်ကြပ် | ဝင်းနိုင် |
| ၄၁၅၄၁။ | ၉၇၇၁၃၃ | တပ်ကြပ် | မင်းမင်း |
| ၄၁၅၄၂။ | ၉၇၇၁၃၅ | တပ်ကြပ် | အေးလွင် |
| ၄၁၅၄၃။ | ၉၇၇၁၄၀ | တပ်ကြပ် | အောင်အောင် |
| ၄၁၅၄၄။ | ၉၇၇၁၄၆ | တပ်ကြပ် | ဇော်ဦး |
| ၄၁၅၄၅။ | ၉၇၇၁၄၈ | တပ်ကြပ် | စံလင်း |
| ၄၁၅၄၆။ | ၉၇၇၂၃၈ | တပ်ကြပ် | အောင်မိုးသူ |
| ၄၁၅၄၇။ | ၉၇၇၄၆၁ | တပ်ကြပ် | မောင်ကြီး |
| ၄၁၅၄၈။ | ၉၇၇၄၆၅ | တပ်ကြပ် | ကိုကို |
| ၄၁၅၄၉။ | ၉၇၇၅၀၈ | တပ်ကြပ် | စန်းလွင် |
| ၄၁၅၅၀။ | ၉၇၇၅၅၀ | တပ်ကြပ် | တိုင်းချစ် |
| ၄၁၅၅၁။ | ၉၇၇၅၅၈ | တပ်ကြပ် | မျိုးလွင် |
| ၄၁၅၅၂။ | ၉၇၇၅၆၄ | တပ်ကြပ် | ဇော်ဦး |
| ၄၁၅၅၃။ | ၉၇၇၅၆၉ | တပ်ကြပ် | လှကျော် |
| ၄၁၅၅၄။ | ၉၇၇၅၉၀ | တပ်ကြပ် | ကိုကိုနိုင် |
| ၄၁၅၅၅။ | ၉၇၇၆၀၈ | တပ်ကြပ် | ထိန်လင်း |
| ၄၁၅၅၆။ | ၉၇၇၆၁၄ | တပ်ကြပ် | ကြင်လှိုင် |
| ၄၁၅၅၇။ | ၉၇၇၆၅၅ | တပ်ကြပ် | ထွန်းထွန်းဝင်း |
| ၄၁၅၅၈။ | ၉၇၇၆၅၉ | တပ်ကြပ် | မောင်မောင်မြင့် |
| ၄၁၅၅၉။ | ၉၇၇၇၆၃ | တပ်ကြပ် | ဝင်းစိုး |
| ၄၁၅၆၀။ | ၉၇၇၇၈၃ | တပ်ကြပ် | စောဝေခူး |
| ၄၁၅၆၁။ | ၉၇၇၇၉၁ | တပ်ကြပ် | သိန်းထွန်း |
| ၄၁၅၆၂။ | ၉၇၇၈၂၈ | တပ်ကြပ် | လှစိုး |
| ၄၁၅၆၃။ | ၉၇၇၈၆၂ | တပ်ကြပ် | ကျော်ဦး |
| ၄၁၅၆၄။ | ၉၇၇၉၆၇ | တပ်ကြပ် | သန်းလွင်ဦး |
| ၄၁၅၆၅။ | ၉၇၇၉၈၁ | တပ်ကြပ် | ကျော်မင်း |
| ၄၁၅၆၆။ | ၉၇၈၀၀၂ | တပ်ကြပ် | ဝင်းတင့် |
| ၄၁၅၆၇။ | ၉၇၈၀၀၆ | တပ်ကြပ် | မြင့်အောင် |
| ၄၁၅၆၈။ | ၉၇၈၀၁၉ | တပ်ကြပ် | အောင်ဆန်းဦး |
| ၄၁၅၆၉။ | ၉၇၈၀၇၁ | တပ်ကြပ် | ကျော်အောင် |
| ၄၁၅၇၀။ | ၉၇၈၁၀၈ | တပ်ကြပ် | စိုးနိုင် |
| ၄၁၅၇၁။ | ၉၇၈၁၄၃ | တပ်ကြပ် | မျိုးနိုင် |
| ၄၁၅၇၂။ | ၉၇၈၁၆၇ | တပ်ကြပ် | မျိုးသွယ် |
| ၄၁၅၇၃။ | ၉၇၈၁၈၅ | တပ်ကြပ် | မင်းမင်းအောင် |
| ၄၁၅၇၄။ | ၉၇၈၁၉၁ | တပ်ကြပ် | လှဝင်း |
| ၄၁၅၇၅။ | ၉၇၈၁၉၇ | တပ်ကြပ် | ကံမြင့် |
| ၄၁၅၇၆။ | ၉၇၈၂၁၄ | တပ်ကြပ် | သန်းလှိုင် |
| ၄၁၅၇၇။ | ၉၇၈၂၃၁ | တပ်ကြပ် | စိုးခိုင် |
| ၄၁၅၇၈။ | ၉၇၈၂၈၄ | တပ်ကြပ် | ကျော်သူရ |
| ၄၁၅၇၉။ | ၉၇၈၃၀၂ | တပ်ကြပ် | ထင်ကျော် |
| ၄၁၅၈၀။ | ၉၇၈၃၂၅ | တပ်ကြပ် | မောင်မျိုး |
| ၄၁၅၈၁။ | ၉၇၈၃၂၆ | တပ်ကြပ် | စောကော့မှူး |
| ၄၁၅၈၂။ | ၉၇၈၃၄၂ | တပ်ကြပ် | ကျော်ကျော်ဦး |
| ၄၁၅၈၃။ | ၉၇၈၄၀၁ | တပ်ကြပ် | တင်မောင်မြင့် |
| ၄၁၅၈၄။ | ၉၇၈၅၁၇ | တပ်ကြပ် | ဝဏ္ဏအောင် |
| ၄၁၅၈၅။ | ၉၇၈၆၁၆ | တပ်ကြပ် | ခိုင်ဝင်းထွေး |
| ၄၁၅၈၆။ | ၉၇၈၇၀၃ | တပ်ကြပ် | ဟန်မင်းဌေး |
| ၄၁၅၈၇။ | ၉၇၈၇၁၃ | တပ်ကြပ် | ကျော်ဝင်း |
| ၄၁၅၈၈။ | ၉၇၈၈၅၀ | တပ်ကြပ် | ကျော်ဝင်းခိုင် |
| ၄၁၅၈၉။ | ၉၇၈၉၁၀ | တပ်ကြပ် | မင်းလွင် |
| ၄၁၅၉၀။ | ၉၇၈၉၃၃ | တပ်ကြပ် | ကျော်သန်းစိုး |

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

**အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှု ယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ပူးတွဲဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဖ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဗ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဘ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(မ) ကိုယ်စားလှယ် — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ယ) တွဲဖက်အထွေထွေအတွင်းရေးမှူး — အဖွဲ့ဝင်
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ရ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM)

(လ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့်
စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)

(ဝ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF)

(သ) အမြဲတမ်းအတွင်းဝန် (အလုပ်သမားရေးရာဆိုင်ရာ) — အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဟ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ခြင်းနှင့် လိုအပ်ပါက အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊

(ခ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

(ဂ) သက်ဆိုင်ရာ ဝန်ကြီးဌာနများကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို နိုင်ငံတော်သမ္မတရုံးသို့ နှစ်စဉ်အစီရင်ခံစာ တင်ပြခြင်း၊

(စ) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဆ) အမှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးရန် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှု ယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ အစည်းအဝေးကို (၄) လတစ်ကြိမ် ကျင်းပခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်)

### ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ (မူကြမ်း)

**(၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈ ခုနှစ်၊ လ ရက်

(၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ဥပဒေအာဏာတည်သည့်နေ့နှင့် ယင်းနေ့နောက်ပိုင်းတွင် ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်စေရမည်။ ထို့ပြင် ဤဥပဒေနှင့် သက်ဆိုင်သည့် ဝန်ထမ်းဖြစ်ကြောင်း အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ဝန်ထမ်းနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဗဟိုရန်ပုံငွေ** ဆိုသည်မှာ အငြိမ်းစားအကျိုးခံစားခွင့်ရရှိရန် နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ဤဥပဒေအရ ထူထောင်ထားသည့် ဝန်ထမ်းနောင်ရေးဗဟို ရန်ပုံငွေကို ဆိုသည်။

(ခ) **ဗဟိုရန်ပုံငွေအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သော ဗဟိုရန်ပုံငွေအဖွဲ့ကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဌာန၊ အဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ရုံးများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့အစည်းနှင့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ပြီး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အဖွဲ့အစည်းလည်း ပါဝင်သည်။ သို့ရာတွင် တပ်မတော်သည် ဤဥပဒေပါ ကိစ္စရပ်များနှင့် အကျုံးဝင်ခြင်း မရှိစေရ။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(စ) **အတွင်းရေးမှူးရုံး** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်ရုံးကို ဆိုသည်။

(ဆ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဗဟိုရန်ပုံငွေ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(ဇ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကို ဆိုသည်။

(ဈ) **အတွင်းရေးမှူး** ဆိုသည်မှာ ပင်စင်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ည) **ဒါရိုက်တာအဖွဲ့ဝင်** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်ကို ဆိုသည်။

(ဋ) **ပြင်ပကျွမ်းကျင်ပညာရှင်** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခု၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိသည့်အပြင် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုခုတွင် ကျွမ်းကျင်သူကို ဆိုသည်။

(ဌ) **ဗဟိုရန်ပုံငွေအဖွဲ့ဝင်** ဆိုသည်မှာ အငြိမ်းစားအကျိုးခံစားခွင့်ရရှိရန် ဗဟိုရန်ပုံငွေသို့ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်ကြေး ထည့်ဝင်သည့် ဝန်ထမ်းကို ဆိုသည်။

(ဍ) **ဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် အမြဲတမ်းတာဝန်ထမ်းဆောင်လျက်ရှိသူကို ဆိုသည်။

(ဎ) **လစာ** ဆိုသည်မှာ ဝန်ထမ်းက လစဉ်ရရှိသော ဝင်ငွေကို ဆိုသည်။ ယင်းစကားရပ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ရာထူးအတွက် ခွင့်ပြုထားသော လစာနှင့် နိုင်ငံတော်အစိုးရက လစာဟူ၍ သတ်မှတ်သည့် အခြားဝင်ငွေများလည်း ပါဝင်သည်။

(ဏ) **မူရင်းလစာ** ဆိုသည်မှာ ရာထူးအဆင့်တစ်ခုတွင် စတင်ရရှိသည့် ဝန်ထမ်း၏လစာကို ဆိုသည်။

(တ) **နိုင်ငံတော်ထည့်ဝင်ကြေး** ဆိုသည်မှာ ဗဟိုရန်ပုံငွေအဖွဲ့ဝင် တစ်ဦးချင်းစီအတွက် မူရင်းလစာအပေါ် အခြေခံ၍ သတ်မှတ်ရာခိုင်နှုန်းအလိုက် နိုင်ငံတော်ကထည့်ဝင်သည့် ထည့်ဝင်ကြေးကို ဆိုသည်။

(ထ) **ဝန်ထမ်းထည့်ဝင်ကြေး** ဆိုသည်မှာ ဗဟိုရန်ပုံငွေအဖွဲ့ဝင် တစ်ဦးချင်းစီက မိမိတို့လစဉ်ရရှိသည့် မူရင်းလစာမှ သတ်မှတ်ရာခိုင်နှုန်းအလိုက် လစဉ်ထည့်ဝင်သည့် ထည့်ဝင်ကြေးကို ဆိုသည်။

(ဒ) **ငွေထုတ်သူအရာရှိ** ဆိုသည်မှာ အရအသုံးခန့်မှန်းခြေငွေစာရင်းဘောင်အတွင်း စနစ်တကျ စီမံခန့်ခွဲသုံးစွဲရန် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဓ) **အငြိမ်းစားအကျိုးခံစားခွင့်** ဆိုသည်မှာ ဗဟိုရန်ပုံငွေအဖွဲ့ဝင် အငြိမ်းစားယူပြီးနောက် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည့် လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာကိုသော်လည်းကောင်း၊ လုပ်သက်ဆုငွေနှင့် တစ်လုံးတစ်ခဲတည်း ခံစားခွင့်ရှိသည့် အငြိမ်းစားလစာကိုသော်လည်းကောင်း ဆိုသည်။

(န) **ပုဂ္ဂလိကကဏ္ဍ** ဆိုသည်မှာ အစိုးရပိုင်လုပ်ငန်းများမဟုတ်သည့် တစ်ဦးချင်း သို့မဟုတ် အစုစပ် သို့မဟုတ် ကုမ္ပဏီ၊ ကော်ပိုရေးရှင်းအလိုက် အကျိုးအမြတ်အလို့ငှာ ဖွဲ့စည်းဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပိုမိုထိရောက်၍ စွမ်းဆောင်ရည်ရှိသော ဗဟိုရန်ပုံငွေစနစ် ပေါ်ပေါက်ကျင့်သုံးနိုင်စေရန်၊

(ခ) ရန်ပုံငွေထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်မှ ဗဟိုရန်ပုံငွေကို အခြေခံ၍ အကျိုးခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲရန်၊

(ဂ) ဗဟိုရန်ပုံငွေ ထူထောင်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးကို ပံ့ပိုးပေးရန်၊

(ဃ) ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများဖြင့် ဗဟိုရန်ပုံငွေတိုးပွားစေပြီး ရေရှည်တည်တံ့ခိုင်မာစေသည့် အကျိုးခံစားခွင့်များ ဖြစ်ပေါ်စေရန်၊

(င) မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် လိုအပ်သော ကဏ္ဍတွင် အထောက်အကူဖြစ်စေရန်၊

(စ) ပုဂ္ဂလိကကဏ္ဍရှိ အဖွဲ့အစည်းများ၏ ဗဟိုရန်ပုံငွေဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းနိုင်ရန် အစိုးရကိုယ်စားလှယ်များ၊ ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ပြင်ပကျွမ်းကျင်ပညာရှင် အမည်စာရင်းကို အစိုးရအဖွဲ့သို့ လျာထားတင်ပြရမည်-

(က) မြန်မာနိုင်ငံသား ဖြစ်ခြင်း၊

(ခ) ရိုးသားဖြောင့်မတ်သော ဂုဏ်သတင်းရှိသူ ဖြစ်ခြင်း၊

(ဂ) ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဥပဒေရေးရာ၊ ဝန်ထမ်းရေးရာနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ဗဟုသုတရှိ၍ အဆိုပါပညာရပ် တစ်ခုခုတွင် ကျွမ်းကျင်သူဖြစ်ခြင်း။

၆။ ဝန်ကြီးဌာနသည်-

(က) ဤဥပဒေပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် အမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေးအရာရှိချုပ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအရာရှိချုပ်တို့ကို ပြင်ပကျွမ်းကျင်ပညာရှင်များအဖြစ် ခန့်အပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်အပ်သည့် ပြင်ပကျွမ်းကျင်ပညာရှင်အတွက် ချီးမြှင့်ငွေနှင့် စရိတ်ကိုလည်းကောင်း၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ ဒါရိုက်တာအဖွဲ့အသစ် ဖွဲ့စည်းနိုင်ရန် ပုဒ်မ ၅ ပါ အမည်စာရင်းကို အစိုးရအဖွဲ့သို့ တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည် အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုဆောင်ရွက်နိုင်ရန်-

(က) ပင်စင်ဦးစီးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဝန်ထမ်းအဖွဲ့အစည်းအတွက် လိုအပ်သည့် အရာထမ်း၊ အမှုထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခန့်ထားရမည်။

(ဂ) လိုအပ်သည့် ပြင်ပကျွမ်းကျင်ပညာရှင်ကို ခန့်အပ်နိုင်သည်။

၉။ ဝန်ကြီးဌာနသည်-

(က) ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအဖြစ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ခ) နိုင်ငံတော်ထည့်ဝင်ကြေး ရာခိုင်နှုန်းနှင့် ဝန်ထမ်းထည့်ဝင်ကြေး ရာခိုင်နှုန်းတို့ကို အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့်-

(၁) သတ်မှတ်ရမည်။

(၂) လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) မမျှော်မှန်းနိုင်သည့် အခြေအနေများကြောင့် ဗဟိုရန်ပုံငွေ ပံ့ပိုးပေးရန် ဒါရိုက်တာအဖွဲ့က တင်ပြတောင်းခံလျှင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွဲဝေကျခံနိုင်ရန် စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ဃ) သီးခြားရန်ပုံငွေများ ထပ်မံထူထောင်၍ အငြိမ်းစားအကျိုးခံစားခွင့်အပြင် အခြားအကျိုးခံစားခွင့်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဒါရိုက်တာအဖွဲ့ကို လမ်းညွှန်မှုပြုရမည်။

(င) ဝန်ထမ်းထည့်ဝင်ကြေး ထည့်ဝင်ရန် ပျက်ကွက်သူကို အရေးယူရန် နည်းလမ်းများ သတ်မှတ်ရမည်။

## အခန်း (၄)
## ဗဟိုရန်ပုံငွေအဖွဲ့ တည်ထောင်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

၁၀။ (က) ဗဟိုရန်ပုံငွေကို ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲနိုင်ရန် ဗဟိုရန်ပုံငွေအဖွဲ့ကို ဤဥပဒေဖြင့် တည်ထောင်သည်။

(ခ) ဗဟိုရန်ပုံငွေအဖွဲ့သည် ကိုယ်ပိုင်အမည်၊ အမှတ်တံဆိပ်ဖြင့် ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသော တရားဝင်အဖွဲ့အစည်း ဖြစ်သည်။

၁၁။ ဗဟိုရန်ပုံငွေကို ဤဥပဒေအရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲရမည်။

၁၂။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးဌာနက ပုဒ်မ ၅ အရ တင်ပြသည့် အစိုးရကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်နှင့် ပြင်ပကျွမ်းကျင်ပညာရှင်များ ပါဝင်စေလျက် ဥက္ကဋ္ဌအပါအဝင် သင့်လျော်သည့် ပုဂ္ဂိုလ်အနည်းဆုံး ခုနစ်ဦး၊ အများဆုံး ၁၁ ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) အစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူ | ဥက္ကဋ္ဌ |
| (၂) အနည်းဆုံး နှစ်ဦးမှ အများဆုံး သုံးဦးအထိ ဖြစ်သော အစိုးရကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၃) အနည်းဆုံး နှစ်ဦးမှ အများဆုံး သုံးဦးအထိ ဖြစ်သော ဝန်ထမ်းကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၄) အနည်းဆုံး တစ်ဦးမှ အများဆုံး သုံးဦးအထိ ဖြစ်သော ပြင်ပကျွမ်းကျင်ပညာရှင် | အဖွဲ့ဝင် |
| (၅) ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ဒါရိုက်တာအဖွဲ့ကို ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၃။ ဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်းများကို ပင်စင်ဦးစီးဌာနက အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်၏ သက်တမ်း

၁၅။ (က) ဥက္ကဋ္ဌ၏ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်၏ သက်တမ်းသည် လေးနှစ် ဖြစ်သည်။

၁၆။ အစိုးရအဖွဲ့သည် သက်တမ်းကုန်ဆုံးသည့် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကို ထပ်မံခန့်အပ်နိုင်သည်။

၁၇။ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်သည် တစ်ဆက်တည်း သက်တမ်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မပြုရ။

၁၈။ ပုဒ်မ ၂၃ အရ အစားထိုးခန့်အပ်ခံရသည့် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် ယခင် ဒါရိုက်တာအဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် သက်တမ်း၏ ထက်ဝက်ထက်မပိုသော ကြားဖြတ်တာဝန်ယူရသည့် ကာလကို သက်တမ်းတစ်ကြိမ်အဖြစ် မသတ်မှတ်ရ။

၁၉။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် ပြင်ပကျွမ်းကျင်ပညာရှင်သည် မိမိတို့၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အကျိုးစီးပွားဆက်နွယ်သော အခြားမည်သည့်အဖွဲ့အစည်းတွင်မှ တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။

၂၀။ အစိုးရအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဒါရိုက်တာအဖွဲ့ဝင်အတွက် ချီးမြှင့်ငွေနှင့် စရိတ်ကို သတ်မှတ်ရမည်။

## အခန်း (၆)
## တာဝန်မှ ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

၂၁။ ဝန်ကြီးဌာနသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦးဦးကို တာဝန်မှ ရပ်စဲနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြရမည်-

(က) ကွယ်လွန်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း၊

(ခ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းတာဝန် ဆက်လက်မထမ်းဆောင်နိုင်ခြင်း၊

(ဂ) ခိုင်လုံသောအကြောင်းမရှိဘဲ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို တစ်ဆက်တည်းသုံးကြိမ်တက်ရောက်ရန်ပျက်ကွက်ခြင်း၊

(ဃ) ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်လုပ်ကိုင်ခြင်း၊

(င) ရာဇဝတ်ကြောင်းအရ တရားရုံးတစ်ခုခုတွင် တရားစွဲဆိုခံရ၍ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ပုဒ်မ ၅ ပါ အရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းခြင်း။

၂၂။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာနက ပုဒ်မ ၂၁ အရ တင်ပြသည့် ဒါရိုက်တာအဖွဲ့ဝင်ကို တာဝန်မှ ရပ်စဲရမည်။

၂၃။ အစိုးရအဖွဲ့သည် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကို တာဝန်မှ ရပ်စဲခြင်းကြောင့်ဖြစ်စေ၊ ဆန္ဒအလျောက် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ လစ်လပ်သည့်အခါ ဒါရိုက်တာအဖွဲ့ဝင်အသစ်ကို အစားထိုးခန့်အပ်ရမည်။

၂၄။ (က) ဒါရိုက်တာအဖွဲ့ဝင်သည် မိမိသက်တမ်းအတွင်း နုတ်ထွက်လိုပါက ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ကိုရယူပြီး ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) နုတ်ထွက်မည့် ဒါရိုက်တာအဖွဲ့ဝင်သည် ဒါရိုက်တာအဖွဲ့ဝင်အသစ် အစားထိုးခန့်အပ်ပြီးချိန်အထိ မိမိတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

## အခန်း (၇)
## ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များ

၂၅။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဗဟိုရန်ပုံငွေဆိုင်ရာ မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(ဂ) ဗဟိုရန်ပုံငွေ တိုးတက်မှုကို ဖြစ်ပေါ်စေမည့် ငွေချေးသက်သေခံ လက်မှတ်များ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ အစုရှယ်ယာများ၊ ငွေစုလက်မှတ်များဝယ်ယူခြင်း၊ ငွေစုဆောင်းခြင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊

(ဃ) ပြည်တွင်း ပြည်ပတွင် သင့်လျော်သည့် အခြားရင်းနှီးမြှုပ်နှံမှုများအား ရှာဖွေဖော်ထုတ်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ထည့်ဝင်ထားသည့် ရန်ပုံငွေအသီးသီးအတွက် အကျိုးခံစားခွင့်နှုန်းထားများအား ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဗဟိုရန်ပုံငွေတိုးတက်လာမှုအပေါ် မူတည်၍ ဗဟိုရန်ပုံငွေအဖွဲ့ဝင်များ၏ အကျိုးခံစားခွင့်များကို တိုးမြှင့်ပြင်ဆင် ခံစားခွင့်ပြုခြင်း၊

(ဆ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဒါရိုက်တာအဖွဲ့အစည်းအဝေးကို အနည်းဆုံး နှစ်လတစ်ကြိမ် ကျင်းပ၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(ဈ) ပုဂ္ဂလိကကဏ္ဍရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဗဟိုရန်ပုံငွေထူထောင်ခွင့်ပြုခြင်း၊ အားပေးခြင်း၊

(ည) ပုဒ်မခွဲ (ဈ) အရ ထူထောင်သည့် ရန်ပုံငွေများကို အတွင်းရေးမှူးရုံးက ကြီးကြပ်ကွပ်ကဲနိုင်ရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊

(ဋ) ဗဟိုရန်ပုံငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်စေခြင်း၊ တွေ့ရှိချက်များကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဌ) ဤဥပဒေပါ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေး လက်လှမ်းမီမှု (Financial Inclusion)၊ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှု (Digital Financing)၊ မိုလ်ဘိုင်းဖုန်းဖြင့် ဘဏ်ဝန်ဆောင်မှု (Mobile Banking) များကို ဗဟိုရန်ပုံငွေအဖွဲ့ဝင်များ အသုံးပြုနိုင်ရန် အားပေးကူညီခြင်း၊

(ဍ) ဗဟိုရန်ပုံငွေနှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍ စစ်မေးခြင်း၊ လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဎ) အငြိမ်းစားအကျိုးခံစားခွင့်ကို လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဏ) ဗဟိုရန်ပုံငွေနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၆။ ဥက္ကဋ္ဌသည်-

(က) ပြည်ထောင်စုဝန်ကြီးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း တာဝန်ခံရမည်။

(ခ) သဘောတူစာချုပ်များ၊ စာချုပ်စာတမ်းများ သို့မဟုတ် နားလည်မှုစာချွန်လွှာများကို သတ်မှတ်ချက်နှင့်အညီ ဒါရိုက်တာအဖွဲ့ကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသည်။

(ဂ) ပင်စင်ဦးစီးဌာန၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့် လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာ ရေးဆွဲနိုင်စေရန် ဦးဆောင်ရမည်။

(ဃ) ဗဟိုရန်ပုံငွေတိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ရန်ပုံငွေစီမံခန့်ခွဲရေးလုပ်ငန်းများကို လေ့လာကျင့်သုံး ဆောင်ရွက်ခြင်းနှင့် အကျိုးရှိထိရောက်စွာ လည်ပတ်နိုင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုလမ်းညွှန်မှု ပြုရမည်။

(င) ဗဟိုရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပရှိ အကျိုးသက်ဆိုင်သူများနှင့် ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုဖြစ်စေရန် လမ်းညွှန်မှုပြုရမည်။

(စ) အငြိမ်းစားအကျိုးခံစားခွင့်များ ခံစားခွင့်ပြုနိုင်ရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ဆ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်က ပေးပို့သည့် အကြံပြုချက်၊ ဝေဖန်ထောက်ပြချက်များနှင့် တိုင်ကြားမှုကို သတ်မှတ်ချက်နှင့်အညီ စိစစ်သုံးသပ် စုံစမ်းစစ်ဆေးနိုင်ရန် အတွင်းရေးမှူးရုံးသို့ လမ်းညွှန်မှုပြုရမည်။

(ဇ) လိုအပ်ပါက ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ဈ) ပုဒ်မခွဲ (ခ) ပါ မိမိ၏ လုပ်ပိုင်ခွင့်ကို ဒါရိုက်တာအဖွဲ့ဝင်အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် အတွင်းရေးမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၈)
## အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များ

၂၇။ အတွင်းရေးမှူးရုံးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်-

(က) ဤဥပဒေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပေးပို့သည့် နှစ်စဉ်ခန့်ထားမည့် ဝန်ထမ်းစာရင်း ပြုစုခြင်း၊

(ခ) အမှန်ခန့်ထားမည့် ဝန်ထမ်းစာရင်းနှင့် ဗဟိုရန်ပုံငွေအဖွဲ့ဝင် စာရင်းတို့အရ နိုင်ငံတော်ဘဏ္ဍာမှ ထည့်ဝင်ရမည့် နိုင်ငံတော်ထည့်ဝင်ကြေးလျာထားချက်အား နှစ်စဉ်ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ခွင့်ပြုချက်ရရှိသည့် နိုင်ငံတော်ထည့်ဝင်ကြေးကို ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ ငွေစာရင်းသို့ လစဉ် ထည့်သွင်းခြင်း၊

(ဃ) ပြည်တွင်း ပြည်ပဘဏ်များတွင် ရန်ပုံငွေစာရင်းများ ဖွင့်လှစ်ခြင်း၊

(င) ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ အစုရှယ်ယာများ၊ ငွေစုလက်မှတ်များ ဝယ်ယူခြင်း၊ ငွေစုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(စ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊

(ဆ) ပြည်တွင်း ပြည်ပတွင် သင့်လျော်သည့် အခြားရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊

(ဇ) ဗဟိုရန်ပုံငွေစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တွေ့ရှိချက်များကို ဒါရိုက်တာအဖွဲ့သို့ တင်ပြခြင်း၊

(ဈ) ဗဟိုရန်ပုံငွေ တိုးပွားရေးအတွက် ရန်ပုံငွေ ရေရှည်တည်တံ့ခိုင်မာစေမည့် ဆန်းစစ်လေ့လာ စိစစ်သုံးသပ်မှုများကို ပြုလုပ်တင်ပြခြင်း၊

(ည) ပင်စင်ဦးစီးဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်၍ လူ့စွမ်းအားအရင်းအမြစ်ထိန်းသိမ်းနိုင်ရေးအတွက် ဗဟိုရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဋ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်ဆံဆက်သွယ်ဆောင်ရွက်ရေး ဗဟိုဌာန (Customer Relations and Communication Centre) ထူထောင်ခြင်း၊ မီဒီယာမှ တစ်ဆင့် အသိပညာပေးခြင်း၊ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊

(ဌ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဆ) အရ ဖွဲ့စည်းသည့် ကော်မတီတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မတီဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပင်စင်ဦးစီးဌာန၏ အသုံးစရိတ်မှ သတ်မှတ်ကျခံခြင်း၊

(ဍ) ဝန်ထမ်းထည့်ဝင်ကြေးကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်စေခြင်း၊ စာရင်းပြုစုခြင်း၊ ထုတ်ပြန်ခြင်းတို့အတွက် ဗဟိုအချက်အလက် ထိန်းသိမ်းရေးဌာနခွဲ (Central Record Keeping Division) အဖြစ် ဆောင်ရွက်ခြင်း၊

(ဎ) ဗဟိုရန်ပုံငွေဆိုင်ရာစီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လက်ကျန်ရှင်းတမ်းဆိုင်ရာ စာရင်းအချက်အလက်များ စုဆောင်းခြင်း၊ တွက်ချက်ခြင်း၊ ထုတ်ပြန်ခြင်း ပြုနိုင်ရန် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ထူထောင်ခြင်း၊

(ဏ) ဗဟိုရန်ပုံငွေနှင့်စပ်လျဉ်း၍ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှတစ်ပါး ထုတ်ပြန်သင့်သည့် စာရင်းအချက်အလက်ကို ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) ဝန်ထမ်းထည့်ဝင်ကြေး ထည့်ဝင်ရန် ပျက်ကွက်သူကိုလည်းကောင်း၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) အရ ထည့်ဝင်ကြေး ထည့်ဝင်ရန် ပျက်ကွက်သူကိုလည်းကောင်း၊ သတ်မှတ်ချက်နှင့်အညီ အရေးယူဆောင်ရွက်ခြင်းနှင့် မိမိ၏ ဆောင်ရွက်ချက်ကို ဒါရိုက်တာအဖွဲ့သို့ တင်ပြခြင်း၊

(ထ) အငြိမ်းစားအကျိုးခံစားခွင့်အပြင် အခြားအကျိုးခံစားခွင့်များ ရရှိရေးအတွက် သီးခြားရန်ပုံငွေ ထူထောင်ခြင်း၊

(ဒ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဈ) အရ ထူထောင်သည့် ရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဓ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဋ) ပါ ဝန်ဆောင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၂၈။ အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒါရိုက်တာအဖွဲ့က ချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ခ) ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အတွင်းရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များကို ညွှန်ကြားခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) အတွင်းရေးမှူးရုံး၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း၊

(င) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဍ) အရ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်းနှင့် ယင်းဆောင်ရွက်ချက်ကို ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်းနှင့် သက်ဆိုင်ရာ ဗဟိုရန်ပုံငွေအဖွဲ့ဝင်ထံ သတ်မှတ်ချက်နှင့်အညီ ပြန်ကြားခြင်း၊

(စ) ဗဟိုရန်ပုံငွေ တိုးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများ ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှု စီမံချက်များကို စိစစ်ခြင်း၊ စွန့်စားရမှုများကို စီမံခန့်ခွဲခြင်းနှင့် အရင်းအနှီးစီးဝင်မှု၊ စီးထွက်မှုများနှင့် စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့သို့ စိစစ်တင်ပြခြင်း။

၂၉။ အတွင်းရေးမှူးသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌအား တာဝန်ခံရမည်။

## အခန်း (၉)
## ဗဟိုရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၃၀။ ဒါရိုက်တာအဖွဲ့သည် ဗဟိုရန်ပုံငွေကို နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ထူထောင်ရမည်။

၃၁။ ပင်စင်ဦးစီးဌာနသည် ကနဦးနိုင်ငံတော်ထည့်ဝင်ကြေးကို ဗဟိုရန်ပုံငွေထူထောင်သည့် ဘဏ္ဍာရေးနှစ်မှ စတင်၍ ထည့်ဝင်ရမည်။

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေနှင့်သက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်ထည့်ဝင်ကြေးကို ဝန်ထမ်းတာဝန်ထမ်းဆောင်သည့် ကာလပတ်လုံး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်လျာထား၍ လစဉ်ထည့်ဝင်ရမည်။

၃၃။ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းသည် ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ထမ်း၏ ဝန်ထမ်းထည့်ဝင်ကြေးကို ငွေထုတ်သူအရာရှိမှ တစ်ဆင့်ကောက်ခံ၍ ဗဟိုရန်ပုံငွေထဲသို့ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်ရမည်။

၃၄။ ဒါရိုက်တာအဖွဲ့သည်-

(က) အောက်ပါရန်ပုံငွေစာရင်းများကို ဖွင့်လှစ်နိုင်သည်-

(၁) ဗဟိုရန်ပုံငွေစာရင်း၊

(၂) နိုင်ငံတော်ထည့်ဝင်ကြေးဖြင့် တည်ထောင်သည့် အငြိမ်းစားရန်ပုံငွေစာရင်း၊

(၃) ရင်းနှီးမြှုပ်နှံမှုငွေစာရင်း၊

(၄) ရင်းနှီးမြှုပ်နှံမှုများမှရရှိသည့် ဝင်ငွေစာရင်း၊

(၅) ဝန်ထမ်းတစ်ဦးချင်းစီ၏ ဝန်ထမ်းထည့်ဝင်ကြေးစာရင်း၊

(၆) လစဉ်အငြိမ်းစားရန်ပုံငွေစာရင်း၊

(၇) လုပ်သက်ဆုငွေရန်ပုံငွေစာရင်း၊

(၈) တစ်လုံးတစ်ခဲတည်းသော အငြိမ်းစားအကျိုးခံစားခွင့် ရန်ပုံငွေစာရင်း၊

(၉) အထွေထွေစာရင်း၊

(၁၀) အခြားလိုအပ်သောစာရင်း။

(ခ) ပုဒ်မခွဲ (က) ပါ ရန်ပုံငွေစာရင်းများကို နိုင်ငံပိုင်ဘဏ်တစ်ခုခုတွင်ဖြစ်စေ၊ ဝန်ကြီးဌာနက ခွင့်ပြုသည့် အခြားဘဏ်တစ်ခုခုတွင်ဖြစ်စေ ဘဏ်စာရင်းဖွင့်လှစ်၍ အပ်နှံရမည်။

၃၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) အရ တင်ပြတောင်းခံချက်ကို စိစစ်၍ သင့်လျော်သော ငွေပမာဏကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်း ပြုရမည်။

၃၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၅ အရ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းရမည်။

၃၇။ ပင်စင်ဦးစီးဌာနသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ စာရင်းစစ်ဆေးမှုခံယူပြီးသည့်အခါ ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် ဝင်ငွေစာရင်းရှိ ရငွေများကို ဗဟိုရန်ပုံငွေစာရင်းသို့ ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထည့်သွင်းရမည်။

၃၈။ ပင်စင်ဦးစီးဌာနသည် နှစ်စဉ်ကျခံရမည့် လစဉ်အငြိမ်းစားအကျိုးခံစားခွင့်ကို လျာထားတွက်ချက်၍ ဗဟိုရန်ပုံငွေစာရင်းမှ ပုဒ်မ ၃၄ (က) အရ ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာ ငွေစာရင်းသို့ ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထည့်သွင်းရမည်။

၃၉။ ဒါရိုက်တာအဖွဲ့သည်-

(က) ဗဟိုရန်ပုံငွေ ထိန်းသိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရေးဆွဲရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရေးဆွဲသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဗဟိုရန်ပုံငွေ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ အကျိုးခံစားခွင့်အတွက် အသုံးစရိတ်ကျခံခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ တာဝန်နှင့် အခွင့်အရေးများ

၄၀။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်သည်-

(က) နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ထမ်းဆောင်သည့် ကာလပတ်လုံး ဝန်ထမ်းထည့်ဝင်ကြေးကို လစဉ် ထည့်ဝင်ရမည်။

(ခ) အငြိမ်းစားအကျိုးခံစားခွင့် အပြည့်အဝ ရရှိရန် ဝန်ထမ်းထည့်ဝင်ကြေးကို အနည်းဆုံး ၁၅ နှစ် ထည့်ဝင်ရမည်။

(ဂ) မိမိ၏ အငြိမ်းစားအကျိုးခံစားခွင့်ကို ဆက်ခံခွင့်ရှိသူအား ဦးစားပေးအစီအစဉ်အလိုက် အတွင်းရေးမှူးရုံးတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ရမည်။ ဦးစားပေးအစီအစဉ် ပြောင်းလဲလိုပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ပြောင်းလဲနိုင်သည်။

၄၁။ ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် တာဝန်ထမ်းဆောင်သည့် ဗဟိုရန်ပုံငွေအဖွဲ့ဝင်နှင့် စပ်လျဉ်း၍-

(က) ဝန်ထမ်းကိုခေါ်ယူသည့် သက်ဆိုင်ရာအဖွဲ့အစည်းက နိုင်ငံတော်ထည့်ဝင်ကြေးကို သတ်မှတ်ချက် အတိုင်း ဗဟိုရန်ပုံငွေသို့ ထည့်ဝင်ရမည်။

(ခ) ဝန်ထမ်းကိုခေါ်ယူသည့် သက်ဆိုင်ရာအဖွဲ့အစည်းက ထည့်ဝင်ခြင်း မရှိလျှင် သက်ဆိုင်ရာဝန်ထမ်း သည် ဝန်ထမ်းထည့်ဝင်ကြေးအပြင် နိုင်ငံတော်ထည့်ဝင်ကြေးကိုလည်း ဗဟိုရန်ပုံငွေသို့ ထည့်ဝင် ရမည်။

(ဂ) နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေး ပေးသွင်းရန် ပျက်ကွက်သော သက်ဆိုင်ရာ ဝန်ထမ်းသည် သတ်မှတ်ချက်နှင့်အညီ ဒဏ်ကြေးပေးဆောင်ရမည်။

၄၂။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်သည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဒါရိုက်တာအဖွဲ့က ထူထောင်သော သီးခြား ရန်ပုံငွေများသို့ ထည့်ဝင်ကြေးများ ထည့်ဝင်နိုင်သည်။

၄၃။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်သည် အငြိမ်းစားအကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြခွင့်ရှိသည်။

၄၄။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငြိမ်းစားအကျိုးခံစားခွင့်ကို ဝန်ထမ်းထည့်ဝင်ကြေးကာလအလိုက် ငွေသား၊ ချက်၊ အီလက်ထရောနစ် ငွေပို့လွှာ အစရှိသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိခြင်း၊

(ခ) အငြိမ်းစားအကျိုးခံစားခွင့်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပင်စင်အမျိုးအစား များနှင့်အညီ ခံစားခွင့်ရှိခြင်း၊

(ဂ) ဗဟိုရန်ပုံငွေအဖွဲ့ဝင်သက်တမ်း ၁၅ နှစ်ပြည့်ပါက ပင်စင်အမျိုးအစားများနှင့်အညီ အငြိမ်းစား အကျိုးခံစားခွင့် အပြည့်အဝရရှိခြင်း၊

(ဃ) မိမိဆန္ဒအရ ရာထူးမှနုတ်ထွက်လျှင်ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်းခံရလျှင်ဖြစ်စေ၊ ဝန်ထမ်း အဖြစ်မှထုတ်ပစ်ခြင်းခံရလျှင်ဖြစ်စေ ဝန်ထမ်းထည့်ဝင်ကြေးကို သတ်မှတ်ချက်နှင့်အညီ ပြန်လည် တောင်းခံခွင့်ရှိခြင်း၊

(င) အငြိမ်းစားအကျိုးခံစားခွင့်အပြင် ပုဒ်မ ၄၂ အရ ထည့်ဝင်ထားသည့် ရန်ပုံငွေမှ ရရှိမည့် အခြား အကျိုးခံစားခွင့်ကို ခံစားခွင့် ရှိခြင်း။

## အခန်း (၁၁)
## စာရင်းစစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၄၅။ ဗဟိုရန်ပုံငွေစာရင်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

၄၆။ (က) ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးကဦးဆောင်သည့် ဌာနတွင်း စာရင်းစစ်အဖွဲ့ကို ဖွဲ့စည်း၍ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ရန်ပုံငွေစာရင်းများကို သုံးလတစ်ကြိမ် စစ်ဆေးရန် တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ဌာနတွင်း စာရင်းစစ်အဖွဲ့သည် မိမိ၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့နှင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၄၇။ ပင်စင်ဦးစီးဌာနသည် ဗဟိုရန်ပုံငွေစာရင်းများနှင့်စပ်လျဉ်းသည့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ဝန်ကြီးဌာနမှခွင့်ပြုသည့် ပြင်ပစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၄၈။ ပင်စင်ဦးစီးဌာနသည် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ နှစ်ချုပ်အစီရင်ခံစာတို့အား စာရင်းစစ်တွေ့ရှိချက် အစီရင်ခံစာနှင့်အတူ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၄၉။ ပင်စင်ဦးစီးဌာနသည် နှစ်ချုပ်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသို့ သင့်လျော်သည့် နည်းလမ်းအတိုင်း ဖြန့်ဝေရမည်။

၅၀။ ဒါရိုက်တာအဖွဲ့သည် တိုးတက်မှုအစီရင်ခံစာအား သုံးလတစ်ကြိမ် ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရဘဲ အငြိမ်းစားအကျိုးခံစားခွင့်အား လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သူမဆို ဤဥပဒေအရ ခွင့်ပြုသည့် အငြိမ်းစားအကျိုးခံစားခွင့်ကို မရိုးမဖြောင့်သောသဘောဖြင့် ထုတ်ယူခြင်း၊ ထုတ်ယူရန် အားထုတ်ခြင်း၊ ထုတ်ယူရန် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သူမဆို ဗဟိုရန်ပုံငွေကို ဤဥပဒေအရ ခွင့်ပြုသည့် ကိစ္စရပ်များမှတစ်ပါး အခြားကိစ္စရပ်များ အတွက် အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်

၅၄။ အစိုးရအဖွဲ့သည်-

(က) ဗဟိုရန်ပုံငွေဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန် သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်မီကာလအတွင်း ကူးပြောင်းရေးကာလတစ်ခုကို သတ်မှတ်ပေး ရမည်။ လိုအပ်ပါက ယင်းကူးပြောင်းရေးကာလကို တိုးမြှင့်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ကူးပြောင်းရေးကာလအတွင်း ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန် ဝန်ကြီးဌာနကို တာဝန်ပေးရမည်။

## အခန်း (၁၄)

## အထွေထွေ

၅၅။ ဒါရိုက်တာအဖွဲ့သည် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ဇဟိုရန်ပုံငွေအဖွဲ့ဝင် ကျူးလွန်သောပြစ်မှုမှာ နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ရေးကိုထိခိုက်သော ပြစ်မှုဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါက ယင်းဇဟိုရန်ပုံငွေအဖွဲ့ဝင် ခံစားခွင့်ရှိသည့် လစဉ် အငြိမ်းစားအကျိုးခံစားခွင့်၏ ၅၀ ရာခိုင်နှုန်းကို လျှော့ချပိုင်ခွင့် ရှိသည်။

၅၆။ ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဒါရိုက်တာအဖွဲ့ဝင်၊ ဒါရိုက်တာအဖွဲ့က ခန့်အပ်သည့် ကော်မတီဝင်နှင့် ပြင်ပကျွမ်းကျင်ပညာရှင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်ကိုလည်းကောင်း၊ ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်ကိုလည်းကောင်း ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် မိမိ၏ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၇။ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းသည်-

(က) ဝန်ထမ်းထည့်ဝင်ကြေးကို သက်ဆိုင်ရာငွေထုတ်သူအရာရှိက ဝန်ထမ်း၏ မူရင်းလစာမှ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်စေရေး ကြီးကြပ်ရမည်။

(ခ) နှစ်စဉ်အသစ်ခန့်ထားမည့် ဝန်ထမ်းအင်အားလျာထားချက်ကို ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း မရေးဆွဲမီ အတွင်းရေးမှူးရုံးသို့ ကြိုတင်ပေးပို့ရမည်။

(ဂ) အမှန်ခန့်ထားမည့် ဝန်ထမ်းအင်အားစာရင်းကို အတွင်းရေးမှူးရုံးသို့ သတ်မှတ်ချက်နှင့်အညီ ပေးပို့ရမည်။

၅၈။ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းသည် ဇဟိုရန်ပုံငွေအဖွဲ့ဝင်နှင့်စပ်လျဉ်း၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက အတွင်းရေးမှူးရုံးသို့ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည်-

(က) ရာထူးတိုးမြှင့်ခြင်း၊

(ခ) ရာထူးအဆင့်လျှော့ချခြင်း၊

(ဂ) ဌာနပြောင်းရွှေ့ခြင်း၊

(ဃ) ရာထူးမှ နုတ်ထွက်ခြင်း၊

(င) အငြိမ်းစားယူခြင်း၊

(စ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဆ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

၅၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒါရိုက်တာအဖွဲ့ဝင်နှင့် ဒါရိုက်တာအဖွဲ့က ဖွဲ့စည်းသည့်ကော်မတီဝင်သည် ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၀။ ဒါရိုက်တာအဖွဲ့သည် အငြိမ်းစားမယူမီဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန်သည့် ဇဟိုရန်ပုံငွေအဖွဲ့ဝင်၏ အငြိမ်းစားအကျိုးခံစားခွင့်ကို အတွင်းရေးမှူးရုံးတွင် မှတ်ပုံတင်ထားသည့် ဆက်ခံခွင့် ဦးစားပေးအစီအစဉ်နှင့်အညီ ခံစားခွင့်ပြုရမည်။

၆၁။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ဝန်ထမ်းခံစားခွင့်ရှိသည့် အငြိမ်းစားအကျိုးခံစားခွင့်ကို ခွင့်ပြုပြီးနောက် ယင်းဝန်ထမ်း၏လုပ်သက် ကျေနပ်ဖွယ်မရှိခြင်းကြောင့် ခွင့်ပြုပြီး အငြိမ်းစားအကျိုးခံစားခွင့်ကို လျှော့ချခြင်းကိုလည်းကောင်း၊ အငြိမ်းစားမယူမီက ကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်ရပ်ကို အကြောင်းပြု၍ အငြိမ်းစားအကျိုးခံစားခွင့်ကို လျှော့ချခြင်း၊ ရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ပြုလုပ်ခွင့်မရှိ။

၆၂။ ဤဥပဒေအရ ခွင့်ပြုသည့် အငြိမ်းစားအကျိုးခံစားခွင့်ကို ဝရမ်းကပ်ခွင့် မရှိ။

၆၃။ (က) ဤဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့်အမြတ်ကို နိုင်ငံတော်သို့ ဥပဒေနှင့်အညီ အခွန်ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အခွန်ပေးဆောင်ပြီးဖြစ်သည့် ရန်ပုံငွေသို့ ထည့်ဝင်ငွေများနှင့် အငြိမ်းစားအကျိုးခံစားခွင့်များအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၆၄။ ဤဥပဒေပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေပါ ပြစ်မှုကို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၆၆။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် ပြင်ပကျွမ်းကျင်ပညာရှင်သည် မိမိနှင့် မိသားစုဝင်များ၏ ငွေကြေး သို့မဟုတ် စီးပွားရေးလုပ်ငန်း စသည့် ပိုင်ဆိုင်မှုစာရင်းကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

